ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

လူထုဗဟိုပြုစီမံကိန်း၊ ဒီးမော့ဆိုမြို့နယ်

National Community Driven Development Project

**NCDDP**

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်



ဒေါ်တော်ကူးကျေးရွာ ၊ ဒေါ်တော်ကူးကျေးရွာအုပ်စု

ဒီးမော့ဆိုမြို့နယ်

၂၀၁၈ ခုနှစ်

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## ဒေါတော်ကူးကျေးရွာ ၊ ဒေါတော်ကူးကျေးရွာအုပ်စု

### မာတိကာ


ဒီးမော့ဆိုမြို့နယ် အခြေပြမြေပုံ ..... ၁

ဒေါတော်ကူးအုပ်စုမြေပုံ ..... ၂

ဒေါတော်ကူးအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း ..... ၃

ကျေးရွာလူမှုရေးအရင်းနှင့်အမြစ်ပြမြေပုံ ..... ၄

- လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက် ..... ၄
- ကျေးရွာသမိုင်းအကျဉ်းချုပ် ..... ၅
- ဥစ္စာဓန ကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း ..... ၆
  - ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း သုံးသပ်ချက် ..... ၇
- ကျား/မ ပင့်ကူအိမ် ..... ၈
  - ကျား/မ ပင့်ကူအိမ် သုံးသပ်ချက် ..... ၉
- အဖွဲ့အစည်းချိတ်ဆက်မှုပြ မြေပုံ ..... ၁၀
  - အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ သုံးသပ်ချက် ..... ၁၁
- ရာသီခွင်ပြ ပြက္ခဒိန် ..... ၁၂
  - ရာသီခွင်ပြ ပြက္ခဒိန်သုံးသပ်ချက် ..... ၁၃

ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ စာရင်း/ဓာတ်ပုံ ..... ၁၄

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ ..... ၁၅

ပုံစံ - ၁။ ကျေးရွာ အခြေခံအချက်အလက်များ (PC-၁) ..... ၁၆


ပုံစံ - ၂။ စီမံကိန်းစက်ဝန်း အချိန်ဇယား (PC-၂) ..... ၁၉

ပုံစံ - ၃။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC-၃) ..... ၂၀


ကျေးရွာအစည်းအဝေးမှတ်တမ်းများ ..... ၂၂

လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်/အကဲဖြတ်ခြင်း လုပ်ငန်းစဉ်အကျဉ်းချုပ် ..... ၂၃

# ဒီးမော့ဆိုမြို့နယ် အခြေပြမြေပုံ




## ဒေါတော်ကူးအုပ်စုမြေပုံ


မ
န
ရ
တ
ဒေါပေါ်ကူး
ဒေါတော်ကူး
ဒေါလိုဒူ
ဒေါတငူးသစ်
ဒေါတငူးဟောင်း
ဒေါဟိုဝို့
ဒေါနို့ကူး
ဒေါဆီးအီ
ဒေါဆိုကလော
ကျောက်ချောလမ်း
မြေသားလမ်း
ကျေးရွာအုပ်စု
ကျေးရွာ
အုပ်စုနယ်နိမိတ်

## ဒေါ်တော်ကူးအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| စဉ် | ကျေးရွာအမည် | အိမ်ခြေ | လူဦးရေ | | |
|---|---|---|---|---|---|
| | | | ကျား | မ | စုစုပေါင်း |
| ၁ | ဒေါ်တော်ကူး | ၆၂ | ၂၇၃ | ၁၅၄ | ၄၂၇ |
| ၂ | ဒေါ်ခလိုဒူ | ၁၄၀ | ၃၉၁ | ၃၈၈ | ၇၇၉ |
| ၃ | ဒေါ်ပေါ်ကူး | ၁၀၄ | ၂၈၄ | ၂၉၅ | ၅၇၉ |
| ၄ | ဒေါ်တငူးသစ် | ၂၅ | ၆၄ | ၆၅ | ၁၂၉ |
| ၅ | ဒေါ်တငူးဟောင်း | ၂၉ | ၇၄ | ၅၅ | ၁၂၉ |
| ၆ | ဒေါ်နို့ကူး | ၂၀ | ၃၉ | ၄၄ | ၈၃ |
| ၇ | ဒေါ်တီပို့ | ၄၄ | ၁၁၆ | ၁၀၀ | ၂၁၆ |
| ၈ | ဒေါ်ဆိုကလော | ၆၇ | ၁၅၆ | ၁၆၂ | ၃၁၈ |
| ၉ | ဒေါ်ဆီးအီ | ၁၂၂ | ၃၂၆ | ၂၃၆ | ၅၆၂ |
| | | | | | |
| | | | | | |
| | | | | | |
| စုစုပေါင်း | | ၆၁၃ | ၁၇၂၃ | ၁၄၉၉ | ၃၂၂၂ |

## ကျေးရွာလူမှုရေးအရင်းနှင့်အမြစ်ပြမြေပုံ




*ပါဝင်ဆွေးနွေးသူ - ကျား (၂၈) + မ (၁၈) = (၄၆) ဦး*

### လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်

ဒေါတော်ကူးကျေးရွာတွင် အိမ်ခြေ (၅၈) အိမ်ရှိပြီးလူဦးရေ (၄၂၇) ဦးရှိပါသည်။ ဒီးမော့ဆို-မိုးဗြဲလမ်းမပေါ်ရှိ သေးဆူလဲရွာ၏အနောက်ဘက်တွင်တည်ရှိပြီးရွာ၏အနောက်ဘက်တွင် ဒေါခလိုဒူးရွာနှင့်ဒေါပေါ်ကူးရွာတို့တည်ရှိသည်။ ဒေါတော်ကူးရွာသည်အုပ်စုရွာလည်းဖြစ်သည်။ သေးဆူလဲမှဒေါပေါ်ကူးထိဒေါတော်ကူးရွာကိုဖြတ်၍ကျောက်ခင်းလမ်းခင်းထားပါသည်။ ကျန်ရွာလမ်းအားလုံးမှာ မြေသားလမ်းဖြစ်ပြီး ကိုယ်ထူကိုယ်ထရေပြွန်များထည့်ထားပါသည်။ ကျောက်ချောလမ်းအတိုင်းဝင်လာမည် ဆိုပါကရှေးဦးစွာ ဒေါတော်ကူးရွာ၏ဘုရားကျောင်းနှင့် မူလတန်းကျောင်းကိုတွေ့ရမှာဖြစ်ပြီး ၎င်းလမ်းပေါ်တွင်ကျေးရွာ ခန်းမဆောင် ၊ ဘုရားကျောင်းအဟောင်းနှင့် ကျေးလတ်ကျန်းမာရေးဌာနခွဲ တို့ကို တွေ့နိုင်ပါ


သည်။ ရွာလယ်တွင်တောင် ၊ မြောက်ဖြတ်သွားသောချောင်းရှိပြီးရေတွင်း (၄) တွင်းနှင့် အဝီစိတွင်း (၁) တွင်းရှိပါသည်။ ရွာတောင်ဘက်တွင်လယ်ကွင်းများရှိပြီး ခန်းမဆောင်ဘေးလမ်းသည် လယ်ထဲသို့သွားရာတွင်အဓိကသုံးသောကုန်ထုတ်လမ်းဖြစ်သည့်အပြင်မြေသားလမ်းအဆင့်သာရှိသေးသဖြင့်ကျောက်ချောလမ်းဖြစ်စေရန်ကျေးရွာမှရည်မှန်းထားပါသည်။ ထို့ပြင်ရွာ၏အနောက်တောင်ဘက် ၊ ဒေါတငူးသစ်ရွာနှင့်ဆက်ထားသောလမ်းမှာလည်း (၁)ဖာလုံခန့်ကျောက်ချောလမ်းခင်းရန်လိုနေပါသည်။ ကျေးရွာ၏အနောက်ဘက် တွင် ဝါးရုံတော များရှိသည်။ ဝါးရုံတောထဲတွင် ကျေးရွာသင်္ချိုင်းကုန်းရှိပါ သည်။ ရွာ၏မြောက်ဘက်တွင် ထေးကလျားချောင်းနှင့်ကျောက်တောင်များလည်းရှိပါသည်။

## ကျေးရွာသမိုင်းအကျဉ်းချုပ်

ဒေါတော်ကူးကျေးရွာသည် ၁၈၀၀နှစ် ဝန်းကျင် ကတည်းကတည်ရှိသော ကျေးရွာတစ်ရွာဖြစ်သည်။ နယ်ချဲ့အင်္ဂလိပ်အစိုးရ မရောက်ခင်အချိန်ထိ ဘုရင်စနစ်ဖြင့်နေထိုင်ခဲ့သောရွာလည်းဖြစ်သည်။ ဒေါတော်ကူးကျေးရွာတွင်ကပ်ရောဂါဆိုးကြီး(၂)ကြိမ်ကျရောက်ဖူးပါသည်။ ပထမအကြိမ်မှာ၁၈၀၀ခုနှစ် မှ ၁၉၀၀ ခုနှစ် ကြားတွင်ဖြစ်ပွားခဲ့ပြီးအနီးအနားရှိရွာများပါကျရောက်သောရောဂါဆိုးကြီးဖြစ်ပြီး လူများသေကြေပျက်စီးမှုများခဲ့ရသည်။ ထို့နောက်လူဦးရေပြန်လည်များပြားလာပြီးအိမ်ခြေ(၂၀၀)ခန့်ထိရှိလာ ပြီဖြစ်သောအချိန်မှာ လည်းကာလဝမ်းရောဂါဆိုးကြီးကိုထပ်မံခံစားရပြီးထပ်မံသေကြေရပြီးအိမ်ခြေ (၁၀) အိမ်ခန့်သာကျန်သည်အထိဆိုးဝါးခဲ့သည်။ ဒုတိယအကြိမ်ရောဂါမှာ ကပ်ရောဂါဖြစ်ပြီး ဒုတိယကမ္ဘာစစ်မတိုင်မီ ၁၉၃၀ ခုနှစ် ဝန်းကျင်ကဖြစ်ပွားခဲ့ပြန်သည်။ဘာသာရေးတွင်လည်းမူလကနတ်ကိုးကွယ်သူများဖြစ်ကြပြီး ၁၉၃၂ ခုနှစ်ဝန်းကျင်မှစ၍ ရိုမန်ကတ်သလစ်ခရစ်ယာန်ဘာသာကိုယနေ့ထိတိုင်ယုံကြည်ကိုးကွယ်ကြသည်။ ဒေါတော်ကူးကျေးရွာသည်စစ်ဘေးဒဏ်ကိုလည်းအကြိမ်ကြိမ်ခံခဲ့ရပြီးစစ်ဖြစ်ပြီဆိုပါ က ရွာ၏မြောက် ဘက်ရှိ `ထီးကယ်ဆို' တောင်တွင်ပုန်းခိုကြရသည်။ ၎င်းတောင်ကို ကျေးဇူးရှင်တောင်ဟုလည်းခေါ် စမှတ်ပြုကြသည်။ ထို့ပြင်ရွာတွင် ၁၈၀၀ နှင့် ၁၉၀၀ ခုနှစ်ကြား ၊ လူဦးရေများသောအချိန်တွင်မှာလည်းရွာရှေ့ခြမ်းနှင့်နောက်ခြမ်းဟူ၍နှစ်ပိုင်းကွဲခဲ့ဖူးသည်ကိုထိုအချိန်ကရွာလယ်တွင်တောင်နှင့်မြောက်ကြိုးတန်းကညောင်ချဉ်ကိုင်းနှစ်ကိုင်း အမှတ်အသားအဖြစ်စိုက်ခဲ့သည့် ထိုညောင်ပင်နှစ်ပင်ကိုကြည့်ခြင်းအားဖြင့်သိနိုင်ပါသည်။ ဒေါတော်ကူးကျေးရွာသည်ရောဂါဆိုးဘေး ၊ စစ်ဘေးတို့ကိုမျိုးစုံခံစားခဲ့ရသော်လည်း ရွာမပျောက်ပျက် အောင်ထိန်းသိမ်းလာခဲ့သည့် ထိုရွာသူရွာသားတို့၏စိတ်ဓာတ်မှာ ချီးကျူးဖွယ်ရာဖြစ်သည်။ ယခုဆိုလျှင်အိမ်ခြ (၅၈) အိမ် နှင့် လူဦးရေကျား ၊ မစုစုပေါင်း (၃၂၄) ဦးရှိပြီဖြစ်သည်။ ရွာတွင် ၁၉၈၁ ခုနှစ်ကအဆင့်မြင့်တည်ဆောက်ခဲ့သောဘုရားကျောင်းအဟောင်း နှင့် ရွာ အဝင်တွင်အသစ် တည်ဆောက်ထားသော ဘုရားကျောင်းရှိသည်။ ၁၉၇၉-၈၀ ခုနှစ် တွင်ကိုယ်ထူကိုယ်ထ (အ.မ.က) ကျောင်းစတင်ဖွင့်လှစ်ခဲ့သည်။ ၁၉၈၂-၈၃ခုနှစ် တွင်မူလတန်းကျောင်းဆောင်ကိုဝါးခင်း ၊ ဝါးကာ ၊ ဖက်မိုးဖြင့်တည်ဆောက်ခဲ့ပြီး ၁၉၉၃-၉၄ခုနှစ် တွင်အုတ်ညှပ်တစ်ထပ်ဆောင်ကိုကိုယ်ထူကိုယ်ထဆောက်လုပ်ခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် သေးဆူလဲကျေးရွာအနောက်ဘက်ရှိ ထီးကယ်ယားချောင်းတူးမြောင်း ကိုဖြတ်ကူး၍ပေ(၆၀)ရှိကွန်ကရစ်တံတားတစ်စင်းကိုလွိုင်ကော်သာသနာခရစ်ယာန်ဆရာတော်မှလှူဒါန်းဆောက်လုပ်ပေးခဲ့သည်။ ၂၀၀၅-၀၆ ခုနှစ်တွင်သေးလဲမှဒေါပေါ်ကူးထိဒေါတော်ကူးရွာကိုဖြတ်၍ ကျောက် ချောလမ်းခင်းခဲ့သည်။

မှတ်တမ်းတင်သူ - ဦးမိုးသိန်းလွင်

## ဥစ္စာဓန ကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း





*<u>ပါဝင်ဆွေးနွေးသူ - ကျား (၂၈) + မ (၁၈) = (၄၆) ဦး</u>*

ဒေါတော်ကူးကျေးရွာ အနေဖြင့် ယခုလက်ရှိအခြေအနေအရ လူမှုအခြေပြခြင်း (သို့) ဆင်းရဲ ၊ ချမ်းသာကြွယ်ဝမှုတိုင်းတာခြင်းပြုလုပ်သောအခါ အဆင့်(၁)၊(၂)၊(၃) ဟူ၍(၃)ဆင့် ခွဲကာလေ့လာသိရှိနိုင်ပါသည်။ အဆင့် (၁) သည်ရွာတွင် ချမ်းသာသောအုပ်စု ဖြစ်ကြပြီးၿငင်းတို့အား စံသတ်မှတ်ချက်ထားကာခွဲခြမ်းထားသည်။ ၎င်းတို့၏ပိုင်ဆိုင်မှုအတိုင်းအတာမှာလယ်(၅)ဧကအထက်၊ ယာ(၅)ဧကအထက်၊ နွား (၁၀) ကောင် အထက် ၊ ထော်လာဂျီ ၊ ကိုုင်းရှည်(လယ်ထွန်စက်) ၊ ဆိုင်ကယ် (၂) စီး နှင့် အထက် ၊ တိုက်အိမ် ၊ သားသမီးများကိုဘွဲ့ရသည်အထိ ထားပေးနိုင် ၊ ဝက် (၃) ကောင် ၊ နွားလှည်း(၁)စီး ၊ ဖုန်း (၃)လုံးအထက် နှင့် ဈေးဆိုင်စသည်ဖြင့်သတ်မှတ်ရာအိမ် ထောင်စု (၂၀) စုလောက်ရှိပြီးရွာ၏(၃၅) % လောက်ရှိပါသည်။ အဆင့် (၂) တွင်အိမ်ထောင်စု (၂၈) လောက်ရှိပြီး ၎င်းတို့၏ပိုင်ဆိုင်မှုများမှာ လယ် (၂-၅) ဧက ၊ ထော်လာဂျီ ၊ယာ (၂-၅) ဧက ၊ ဆိုင်ကယ် (၁) စီး၊ နွား (၂-၁၀) ကောင် ၊ ပျဉ်ထောင် အိမ် ၊ သားသမီးများကို အထက်တန်းအထိပညာသင်ကြားပေးနိုင်ခြင်း ၊ ဝက် (၂) ကောင် ၊ နွားလှည်း(၁)စီး နှင့် ဖုန်း(၁-၃)လုံး တို့ဖြစ်ကြသည်။ ရွာ၏ (၄၈%) ခန့်ရှိပါသည်။ အဆင့် (၃) တွင်မူကား ရွာတွင်မ ပြေလည်သော အုပ်စုအဖြစ် သတ်မှတ်ကြပြီး ၎င်းအုပ်စုတွင် ပါဝင်သူများသည် လယ် (၂) ဧက အောက် ၊ ယာ(၂) ဧကအောက် ၊ နွား (၂) ကောင် အောက် ၊ စက်ဘီး (၁) စီး ၊ ဝက်(၁) ကောင် ၊ ဖုန်း(၁)လုံး နှင့် ဝါးထရံအိမ်စသည်တို့သာပိုင်ဆိုင်နိုင်ကြသူများဖြစ် ကြောင်းတွေ့ရှိရပါသည်။ ရွာ၏(၁၇%)ခန့်ရှိပါသည်။

ထို့ကြောင့်ဒေါတော်ကူးကျေးရွာ၏လူမှုအခြေအနေကို သုံးသပ် ကြည့်မည်ဆိုလျှင်ရွာ၏ (၈၃)% သည် အသင့်အတင့်နှင့် ပြေလည်သော အုပ်စုများဖြစ်ကြပြီး (၁၇)% လောက်သာအဆင်မပြေနိုင်ကြသည်ကိုကြည့်ခြင်းအားဖြင့်ကျေးရွာမှာ စီးပွားအခြေအနေဖွံ့ဖြိုးတိုးတက်မှုရှိလာသည်ကိုတွေ့ရပါသည်။

မှတ်တမ်းတင်သူ - ဦးမိုးသိန်းလွင်

ကျား/မ ပင့်ကူအိမ်





*ပါဝင်ဆွေးနွေးသူ - ကျား (၂၈) + မ (၁၈) = (၄၆) ဦး*

ဒေါတော်ကူးကျေးရွာ အနေဖြင့် အမျိုးသား ၊ အမျိုးသမီး အခန်းကဏ္ဍအားလေ့လာသုံးသပ်ရာတွင် အခွင့်ရေးများ တန်းတူညီမှုနှင့် တန်းတူညီလုနီးပါးရှိလာသည်ကိုမြင်တွေ့ရသည်။ ဆွေးနွေးချက် (၁၂) ချက်ထဲမှ (၃) ချက်တူညီသည်ကိုမြင်တွေ့ရသည်။ ထိုအချက်များမှာ စိုက်ပျိုးမွေးမြူရေး ၊အကြံပေးပိုင် ခွင့်နှင့် လွတ်လပ်စွာပြောဆိုခွင့် များဖြစ်ပါသည်။ ကွာဟမှုများသေးသောအချက်များမှာ စီးပွားရေးလုပ်ကိုင်ခွင့် ၊ ဆုံးဖြတ်ပိုင်ခွင့် ၊ အမွေရပိုင်ခွင့် နှင့် ကျန်းမာရေးစောင့်ရှောက်မှု တို့ဖြစ်ပါသည်။ အဆင့်ဖြင့်ဖော်ပြလျှင် စီးပွားရေးလုပ်ကိုင်ခွင့်တွင် အမျိုးသားများမှာ အဆင့် (၈) ထိရှိပြီး အမျိုးသမီးများမှာ အ ဆင့် (၃) တွင်သာရှိပါသည်။ ဆုံးဖြတ်ပိုင်ခွင့်တွင် အမျိုးသားများမှာ အဆင့် (၉) ရှိပြီး အမျိုးသမီးများ မှာ အဆင့် (၅) တွင်သာရှိပါသည်။ အမွေရပိုင်ခွင့်တွင် အမျိုးသားများမှာ အဆင့် (၉) ရှိပြီး အမျိုးသမီး များမှာ အဆင့် (၄) တွင်သာရှိပါသည်။ အထူးသဖြင့် ကလေးများကျန်းမာရေးစောင့်ရှောက်မှုပိုင်းတွင် အမျိုးသမီးများမှာ အဆင့် (၁၀) ထိအပြည့်အဝရှိပြီး အမျိုးသားများမှာ အဆင့် (၇) တွင်သာရှိပါသည်။ ကျန်ဆွေးနွေးချက်များသည် အနည်းအကျဉ်းမျှသာကွာဟသည်ကိုမြင်တွေ့ရသည်။

အထက်ဖော်ပြပါအချက်များကိုကြည့်ခြင်းအားဖြင့် ဒေါတော်ကူးကျေးရွာ၏ ကျား-မ တန်းတူညီမှုများသည် နှစ်များမကြာမီအချိန်အတွင်းတွင်အပြည့်အဝတန်းတူညီမျှမှုရလာမည်ဟု မျှော်မှန်းသုံးသပ်ရပါသည်။

မှတ်တမ်းတင်သူ - ဦးမိုးသိန်းလွင်

## အဖွဲ့အစည်းချိတ်ဆက်မှုပြ မြေပုံ




*ပါဝင်ဆွေးနွေးသူ - ကျား (၂၈) + မ (၁၈) = (၄၆) ဦး*

ဒေါတော်ကူးကျေးရွာအတွင်းတွင် အဓိက ကျေးရွာလူထုနှင့် ထိတွေ့လှုပ်ရှားရသော အဖွဲ့အစည်းများမှာ ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့ နှင့် ရပ်မိရပ်ဖအဖွဲ့တို့ ဖြစ်ကြသည်။ ၎င်းအဖွဲ့ (၂) ဖွဲ့တို့သည် ရွာ၏ မည်သည့် အရေးကိစ္စမဆို (၂) ဖွဲ့တိုင်ပင်ဆွေးနွေးပြီးမှ ဆုံးဖြတ်ရလေ့ရှိသည်။ ဘာသာရေးအသင်းအဖွဲ့များဖြစ်ကြ သောသံသာအားနာသင်း ၊ C.A အသင်း ၊ မယ်တော်သမီး နှင့် ကျောင်းဒါကာ တို့သည် ဘာသာရေးပိုင်းတွင် အဓိကလှုပ်ရှားသော အဖွဲ့များဖြစ်ပါသည်။ အထက်ပါအဖွဲ့များသည် ရွာတွင်သာ အချင်းချင်းချိတ် ဆက်ကြသည်သာမကဘဲ တိုက်နယ်တွင်ရှိသော ကျောင်းထိုင်ဘုန်းတော်ကြီးနှင့် ဘာသားရေးဆိုင်ရာများကို ချိတ်ဆက်ပြီး အလုပ်လုပ်ကြပါသည်။ လူငယ်အဖွဲ့ တို့မှာလည်း မကြာမကြာ ရွာ၏အရေး ကိစ္စများကို ရွာမိရွာဖ ၊ အုပ်ချုပ်ရေးမှူး နှင့် ဘာသာရေးအဖွဲ့များနှင့် ချိတ်ဆက်ပြီး တက်ကြွစွာ ကြိုးပမ်းဆောင်ရွက်ရသော အဖွဲ့ဖြစ်သည်။ မိဘဆရာအသင်း နှင့် မြစိမ်းရောင်ကော်မတီ တို့မှာဖြင့် အလယ်အလတ် အဖွဲ့များ ဖြစ်ကြသော်လည်း ကျေးရွာလူထုနှင့် ထိတွေ့မှုနည်းသည်ကို တွေ့ရသည်။ မယ်တော်သမီးအဖွဲ့ မှာ လူငယ်အဖွဲ့မှကွဲထွက်လာသောအဖွဲ့ ဖြစ်ပြီးဘာသာရေးအဖွဲ့များနှင့် ချိတ်ဆက်ပြီးအလုပ်လုပ်ပါသည်။ ရွာတွင်မီးကော်မတီလည်းဖွဲ့ထားသည်။ Care Myanmar အဖွဲ့ မှ ဖွဲ့စည်းပေးထားသော ကျေးရွာ ဖွံ့ဖြိုး ရေးကော်မတီ (VDO ) လည်းရှိပါသည်။ ယင်းအဖွဲ့သည် ပြင်ပ အဖွဲ့အစည်း ဖြစ်သော Care အဖွဲ့နှင့် ချိတ်ဆက်၍လည်းကောင်း ၊ ကျေးရွာတွင်းရှိအဖွဲ့များဖြင့်လည်းကောင်းချိတ်ဆက်ပြီး ရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ ကို ဆောင်ရွက်သည်။ အုပ်ချုပ်ရေးမှူးသည်လည်း အုပ်စုအုပ်ချုပ်ရေးမှူး နှင့် ချိတ်ဆက်၍လု ပ်ငန်းများ ဆောင်ရွက်ပါသည်။

မှတ်တမ်းတင်သူ - ဦးမိုးသိန်းလွင်

ရာသီခွင်ပြ ပြက္ခဒိန်



ပါဝင်ဆွေးနွေးသူ - ကျား (၂၈) + မ (၁၈) = (၄၆) ဦး

ဒေါတော်ကူးကျေးရွာအနေဖြင့် အဓိကစီးပွားရေးလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေး ဖြစ်ပြီး စိုက်ပျိုး ရိတ်သိမ်းကာလမှာ မေလ မှစ၍ ဒီဇင်ဘာလ ထိဖြစ်သည်။ အဓိကစိုက်ပျိုးသီးနှံမှာစပါး ၊ မြေပဲ ၊ ပြောင်း တို့ဖြစ်ပြီး တစ်မျိုးပြီးလျှင် နောက်တစ်မျိုးစိုက်လေ့ရှိသောကြောင့် အဆိုပါလများတွင် မနားရဘဲ ဆက်တိုက် အလုပ်များကြသည်။ ပွဲတော်အချိန်အခါရောက်ပြန်ပြီ ဆိုလျှင်လည်း စုပေါင်းဆောင်ရွက်ကြပြီး ဇန်နဝါရီ ၊ ဧပြီ ၊ ဇူလိုင် ၊ အောက်တိုဘာ ၊ နိုဝင်ဘာ နှင့် ဒီဇင်ဘာ တို့တွင်ပြုလုပ်လေ့ရှိကြသည်။ ဇန်နဝါရီလတွင် မင်္ဂလာဆောင်ပွဲ ၊ ဧပြီလတွင် နှစ်ပတ်လည်ပွဲ ၊ ဇူလိုင်လတွင် မိဘပွဲ ၊ အောက်တိုဘာ လတွင် ဒီးကူပွဲ ၊ နိုဝင်ဘာလတွင် သင်္ချိုင်းကုန်းပွဲနှင့် ဒီဇင်ဘာလတွင် ခရစ်စမတ်ပွဲ အသီးသီး ကျင်းကြပါသည်။ အောက် တို ဘာလ မှ နိုဝင်ဘာတို့တွင် သီးနှံ ရိတ်သိမ်းရောင်းချ ပြီးကာစဖြစ်၍ ဝင်ငွေကောင်းသောကာလများ ဖြစ်သော်လည်း ယခုနှစ်ပိုင်းတွင် မိုးခေါင်ရေရှားခြင်း ပြဿနာကို ကြုံတွေ့ရကာ ကြုံရာကျပန်းအလုပ်များဖြင့် ဇန်နဝါရီလမှ ဧပြီလထိ ၊ စပါးမစိုက်ခင်ကာလထိ ပြင်ပဝင်ငွေ ရှာဖွေစုဆောင်းကြရသည်။ ထိုသို့ အလုပ်နှင့်လက် မပြတ်အောင် ကြိုးစားလုပ်ကိုင်ကြသော ဒေါတော်ကူး ကျေးရွာနေ လူကြီး ၊ လူငယ်အားလုံးတို့သည် ကျန်းမာရေးအပိုင်းတွင် ရှေးအခါက ကပ်ရောဂါဆိုးကြီး ကျရောက်ခဲ့သည်မှအပ ယခုအခါတွင် သာမန်တုတ် ကွေးဖျားနာမှု မျိုးလောက်သာ ခံစားကြရသည်။ ရာသီအကူးအပြောင်းဖြစ်သော ဧပြီ ၊ မေ ၊ ဇွန် နှင့် အောက် ၏တိုဘာလ တို့တွင်အဖြစ်များတတ်သည်။ ကျေးရွာအတွင်းဆေးပေး ခန်းလည်း ရှိသည်။ ရာသီဥတု တစ်နေ့တစ်ခြား ဖောက်ပြန်လာမှုကြောင့် ဒေါတော်ကူး ကျေးရွာသည် တစ်နှစ်ထက်တစ်နှစ် ရေပိုရှားပါးလာသည်ကို ကြုံတွေ့ရပါသည်။ လမ်းပန်းဆက်သွယ်ရေး အခြေအနေမှာ ဇူလိုင်လ မှ အောက်တိုဘာလ အထိ သွားလာရေး ခက်ခဲသည်ကို မြင်တွေ့ရသည်။

မှတ်တမ်းတင်သူ - ဦးမိုးသိန်းလွင်

## ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ စာရင်း/ဓာတ်ပုံ

| စဉ် | အမည် | ကျား/မ | ရာထူး |
|---|---|---|---|
| ၁ | ဦးဂျိုးဇက် | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဋ္ဌ |
| ၂ | ဒေါ်မိမိစိုး | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဋ္ဌ |
| ၃ | ဦးဖိုဝါးနီ | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဦးဂျူးရီကျော် | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၅ | ဒေါ်ချယ်ရီဘူးမြာ | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆ | ဦးမောင်စိန် | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၇ | ဦးဂျူးလို | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဒေါ်လူမြာ | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၉ | ဦးကောရယ် | ကျား | လည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၁၀ | ဦးဖရေးရယ် | ကျား | လုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၁ | ဒေါ်သယ်မြာ | မ | လုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၂ | ဦးလီးဖဲ | ကျား | ဝေဖန်အကြံပြုကိုယ်စားလှယ် |
| ၁၃ | ဒေါ်ဒဲမြာ | မ | ဝေဖန်အကြံပြုကိုယ်စားလှယ် |
| ၁၄ | ဦးဂျိုးဇက်မီရယ် | ကျား | ကျေးရွာစားရင်းကိုင် |
| ၁၅ | ဦးရှားရယ် | ကျား | ကျေးရွာစေတနာ့ဝန်ထမ်း |
| ၁၆ | ဒေါ်ငွေးမြာ | မ | ကျေးရွာစေတနာ့ဝန်ထမ်း |



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ







ပုံစံ - ၁။ ကျေးရွာ အခြေခံအချက်အလက်များ (PC-၁)

**ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)**

***လမ်းညွှန်ချက်။*** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရမည်။ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်၊ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ခူးရှားရယ် | ၀၉-၄၄၀၂၆၄၉၃၂ | ဦးဘိုးရယ် |

| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ကယား | ဒီးမော့ဆို | ဒေါ်တော်ကျုံး | ဒေါ်တော်ကျုံး |

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကယား | ၆၂ | ဘာသာ (၁) ခရစ်ယာန် | ၆၂ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစု (၄) ------------ | | | |
| လူမျိုးစုရော -------------- | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၂ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၆ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) ကယား | 273 | 154 |
| လူမျိုးစု (၂) ကယန်း | ၁ | ၄ |
| လူမျိုးစု (၃) ရှမ်း | ၁ | |
| လူမျိုးစု (၄) ------------ | | |
| လူမျိုးစု (၅) ------------ | | |
| အိမ်ထောင်ဦးစီး | ၅၈ | ၄ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☑ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☑ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| *မှတ်ချက်* | | *မှတ်ချက်* | | *မှတ်ချက်* | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☑ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း (circled) | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | ဖမ်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား __________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ပိုင်းပါ — ~~ရှိပါသည်~~ (circled: ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ် ၂၀၁၇ /မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — (circled: အတည်ပြုခဲ့ပါသည်) ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

□ မရှိပါ □ (circled: ရှိပါသည်) ရှိလျှင်ဖော်ပြပါ --------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခု ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ကျောင်းကော်မတီ
(၂) လူငယ်အဖွဲ့

ကျေးရွာခေါင်းဆောင် — အမည် ဦးဂျားဂယ်
လက်မှတ် [signature] — နေ့စွဲ ၂၉.၁၀.၂၀၁၇

လူထုစည်းရုံးရေးမှူး — အမည် ဦးဘိုးရယ်
လက်မှတ် [signature] — နေ့စွဲ ၂၉.၁၀.၂၀၁၇

## ပုံစံ - ၂။ စီမံကိန်းစက်ဝန်း အချိန်ဇယား (PC-၂)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

*ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား* (PC 2)

*လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/ လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။*

စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးအိုးရယ်

နေ့စွဲ ၂၉.၁၀.၂၀၁၇

စက်ဝန်းအားအမှတ်ခြစ်ပါ ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း (၄)

ပြည်နယ်/တိုင်း ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု ဒေါ်တော်ကူ | ကျေးရွာ ဒေါ်တော်ကူး

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 29.10.2017 | 29.10.2017 | 24 | 17 | 41 | ကယား 41 |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 30.10.2017 | 30.10.2017 | 16 | 13 | 29 | ကယား 29 |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 31.10.2017 | 31.10.2017 | 14 | 15 | 29 | 8 ကရင်<br>21 ကယား |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | 8.11.2017 | 8.11.2017 | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည် ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 9.1.2017 | 9.1.2017 | 24 | 17 | 41 | ကယား 41 |

# ပုံစံ - ၃။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC-၃)

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးဖိုးသိန်းကျွန် |
| နေ့စွဲ 30.10.2017 / စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း(၄) |
| ပြည်နယ်/~~တိုင်း~~ ကယား / ဒီးမော့ဆို မြို့နယ် / ကျေးရွာအုပ်စု ဒေါ်တော်ကူ / ကျေးရွာ ဒေါ်တော်ကူး |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည့်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | လျှပ်စစ်မီး အခက်အခဲ | ၁ | ရေရှားပါးမှု အခက်ခဲ |
| ၂ | ကုန်ထွက်လမ်း သွားလာရေးခက်ခဲ | ၂ | ကုန်ဈေးနှုန်းမြင့်တက်ခြင်း |
| ၃ | စိုက်ပျိုး ချိန်ရေ မရရှိခြင်း | ၃ | ရောင်းရမည့် သီးနှံဈေးကျခြင်း |
| ၄ | ရေကောင်း/သန့် ရရှိရန်ခက်ခဲ | ၄ | [illegible] အဝင်လမ်း အဆင်မပြေ |
| ၅ | ဆေးဝါးကုသမှု ပုံမှန်မှုမရှိ | ၅ | ဆေးဝါး ကုသမှုအတွက် အခက်ခဲ |
| ၆ | ဈေးကွက်ရရှိရန် ခက်ခဲ | ၆ | စိုက်ပျိုးရေး အတွက် မြေဩဇာ၊ ပိုးသတ်ဆေး ခက်ခဲ |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | စိုက်ပျိုးရေ အချိန်မှန်ရရှိလို | ၁ | ရေကောင်း/သန့် ပုံမှန်ရရှိရန် မျှော်မှန်း |
| ၂ | ကျောင်းကောင်း/သန့် နည်းပညာရရှိလို | ၂ | [illegible] ဆရာဝန်များ စုံလင်ထားပေးလို |
| ၃ | ကုန်ထွက်လမ်း ကောင်းမွန်လို | ၃ | သီးနှံ ပိုးသတ်ဆေး အခမဲ့ ထုတ်ပေးလို |
| ၄ | အိမ်တိုင်း လျှပ်စစ်မီးရလို | ၄ | ကုန်ဈေးနှုန်း တည်ငြိမ်အောင် ဆုံးဖြတ်ပေးလို |
| ၅ | သီးနှံဈေးနှုန်း ပုံမှန်ရရှိချင် | ၅ | ရွာ၌ ဆေးဝါး ရောင်းဝယ်မှု မပျောက်ကွယ် |
| ၆ | [illegible] လမ်းရလို | | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ကျောက်ချောလမ်း | | | |
| ၂ | အဝီစိတွင်း | | | |
| ၃ | တံတား | | | |
| ၄ | ကုန်ထွက်လမ်း | | | |
| ၅ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | အခမဲ့ ဆေးကုသရန် | | ကျန်းမာရေး နှစ် ၅ |
| ၂ | စိုက်ပျိုးရေး ရရှိရန် | | စိုက်ပျိုးရေး နှစ် ၃ |
| ၃ | သီးနှံဈေးကွက်ရရှိရန် | | |
| ၄ | လျှပ်စစ်မီး ပုံမှန်ရရှိရန် | | လျှပ်စစ်နှစ် ၃ |
| ၅ | ရေနုတ်မြောင်း ပြုပြင်ရန် | | ဆည်မြောင်း နှစ် ၃ |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---ဦးကျိုးခက်--- လက်မှတ် ---[signature]--- နေ့စွဲ ---29.10.2017---

ဒေါ်တော်ကူး

နောက်ဆက်တွဲ(၄) ခြားနားသော အပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေး လုပ်ငန်းစဉ်

**အနှစ်ချုပ်**

မူရင်းအား VPSC တွင်ထားရှိရပါမည်။ အခြားဌာနများနှင့် ညှိနိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။ MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ

| | အဆင့် | လုပ်ငန်း | မည်သူ ဦးစားပေးလဲ | ကျေးရွာမှ တာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှ မည်သူ ထောက်ပံ့မလဲ |
|---|---|---|---|---|---|
| အခြေခံ အဆောက်အဦ | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| အခြေခံ အဆောက်အဦ | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ကျန်းမာရေးနှင့် အဟာရ | ၁ | [illegible] | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ပညာရေး | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| အခြား | ၁ | ကျောက်ချောလမ်း | ☐ မ ☐ ကျား | | |
| | ၂ | တံတား | ☐ မ ☐ ကျား | | |
| | ၃ | [illegible] | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |

## ကျေးရွာအစည်းအဝေးမှတ်တမ်းများ

### ကျေးရွာစီမံကိန်းမိတ်ဆက်ခြင်းနှင့်ကျေးရွာအစီအစဉ်ရေးဆွဲခြင်းအစည်းအဝေး

တက်ရောက်သူဦးရေ - ကျား (၂၄) + မ (၁၇) = (၄၁) ဦး

ကျေးရွာစီမံကိန်းမိတ်ဆက်ခြင်း အစည်းအဝေးကို (၂၉.၁၀.၂၀၁၇) ရက်နေ့တွင် ဒေါ်တော်ကူး ကျေးရွာတွင် အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်ခဲ့သည်။ အစီအစဉ်အရ ဦးဂျိုးဇက် မှ အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ဆက်လက်ပြီး လူထုစည်းရုံးရေးမှူး ဦးဘိုးရယ် မှ စီမံကိန်းနှင့် ပတ်သက်ပြီး မိတ်ဆက်ခြင်း အစီအစဉ်ကို ဦးဆောင်ခဲ့သည်။ဆက်လက်ပြီး လက်ထောက်နည်းပညာမှူး ဒေါ်အေးအေးခိုင် မှ စီမံကိန်းအကြောင်းကို မိတ်ဆက်ရှင်းလင်းသည်။ ဆက်လက်ပြီး လူထုစည်းရုံးရေးမှူး ဦးဂျော့စမိုင်းယာမှ စီမံကိန်းတွင် အဓိကပါဝင်သူများနှင့် တာဝန်ဝတ္တရားများကိုရှင်းပြပြီး ကော်မတီများ ပြန်လည်အတည်ပြုခြင်းကို လုပ်ဆောင်သည်။ ဆက်လက်ပြီး လူအများပါဝင်သော လူထုဆန်းစစ်မှုကို ပြန်လည်ဆွေးနွေး အတည်ပြုမှုများပြုလုပ်ခဲ့သည်။

PSA/PRA များပြန်လည်အတည်ပြု ဆွေးနွေးပြီး ကျေးရွာအခက်အခဲများကို ပြန်လည် အတည်ပြုပြီး အခက်အခဲများအတွက် မျှော်မှန်းချက်များကို ပြန်လည်ဆွေးနွေးတင်ပြခြင်းများ ပြုလုပ်ခဲ့သည်။

ဆက်လက်ပြီး စီမံကိန်းလုပ်ငန်းခွဲများကို ပြန်လည်အတည်ပြုရေးဆွဲခဲ့သည်။ ထို့နောက် ဒေါ်ကဇယ်ဖောမှ အကြုံးမဝင်မှုများကိုရှင်းပြသည်။ ဆက်လက်ပြီး လက်ထောက်နည်းပညာမှူး ဒေါ်အေးအေးခိုင် မှ အကာအကွယ်နှင့်ပတ်သက်ပြီး ရှင်းပြခဲ့သည်။ ထို့နောက် ဦးဂျိုးဇက် မှ ကျေးဇူးတင်စကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

အစည်းအဝေးမှတ်တမ်းတင်သူ - ဦးမိုးသိန်းလွင်

## လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်/အကဲဖြတ်ခြင်း လုပ်ငန်းစဉ်အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူများ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၁ | ကျေးရွာလူမှုရေးပြ သယံဇာတပြမြေပုံ (Socila map/ Resources Map) | ၁၉-၁၂ ၂၀၁၆ | ရပ်မိရက်ဖ၊ ကော်မတီဝင်၊ ကျေးရွာလူထု များ အားလုံး | ၂၈ | ၁၈ | ၄၆ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦများ၊ လုပ်ပန်းဆက်သွယ်ရေးအခြေ အနေ၊ လယ်ယာမြေများ၊ ရေထွက်ပေါက်၊ ရေလှောင် ကန်၊ သစ်တောများ |
| ၂ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း (Wealth Ranking) | ၁၉-၁၂ ၂၀၁၆ | ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ | ၂၈ | ၁၈ | ၄၆ | ကျေးရွာလူမှုစီးပွားရေးကို အုပ်စုများခွဲခြားသတ်မှတ်နိုင် ရေးအတွက်အခြေခံစံနှုန်းများ သတ်မှတ်ရန် အများလူထု သဘောတူသတ်မှတ်ခြင်း |
| ၃ | ကျား/မရေးရာ ကဏ္ဍ (Access Mapping) | ၁၉-၁၂ ၂၀၁၆ | ကျေးရွာအတွင်းရှိ အမျိုးသားနှင့် အမျိုးသမီးများ | ၂၈ | ၁၈ | ၄၆ | ကျေးရွာအတွင်းရှိအရင်းအမြစ်၊ ပိုင်ဆိုင်မှု၊ အခြေခံအဆောက်အ ဦးစသောလုပ်ငန်းများကို ဘယ်သူတွေက အသုံးပြု၊ ထိမ်းချုပ်နေသလဲဆိုတာကို ဆွေးနွေးမှုများ ပြုလုပ်ခြင်း |
| ၄ | ပင့်ကူအိမ် ကွန်ယက် (Spider Web) | ၂၀-၁၂ ၂၀၁၆ | အမျိုးသားများနှင့် အမျိုးသမီးများ၊ ကျေးရွာလူထု | ၂၅ | ၁၁ | ၃၆ | အမျိုးသားများနှင့်အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိမှုနှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၅ | အဖွဲ့အစည်း ချိတ်ဆက်ပုံ (Venn Diagram) | ၂၀-၁၂ ၂၀၁၆ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ ကျေးရွာစီထောက်အဖွဲ့၊ ကျေးရွာလူထု | ၂၅ | ၁၁ | ၃၆ | ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များ ချိတ်ဆက်လုပ်ကိုင်မှုရှိခြင်း |
| ၆ | ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calender) | ၂၀-၁၂ ၂၀၁၆ | ကော်မတီဝင်များ၊ အမျိုးသမီး/သား ဆင်းရဲနွမ်းပါးသူ | ၂၅ | ၁၁ | ၃၆ | စိုက်ပျိုးရိတ်သိမ်းကာလ (တောင်ယာ၊လယ်ယာ)၊ စီးပွားရေး/ငွေရှာ (အရောင်းအဝယ်)၊ ပွဲတော်ချိန်၊ မိုးများကာလ၊ ကျန်းမာရေးဆိုးကာလ၊ ဝင်ငွေအကောင်းဆုံး ကာလ၊ အလုပ်ပါးကာလ၊ ရေရှားကာလ |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူများ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၇ | အခက်အခဲ/ပြဿနာ<br>(Problem) | ၂၀-၁၂<br>၂၀၁၆ | အမျိုးသမီး/သား၊ လူထုအားလုံး | ၂၅ | ၁၁ | ၃၆ | ငွေကြေးအရင်းအနှီးမရှိ၊ လမ်းပန်းဆက်သွယ်ရေး၊ မီးလင်းရေး ရေလုံလောက်မှုမရှိ ဖုန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ စည်းလုံးခြင်းမရှိ။ |
| ၈ | ကျေးရွာ၏( ၄ )နှစ်စာ မျှော်မှန်းချက်များ<br>(Village visions) | ၂၀-၁၂<br>၂၀၁၆ | ကျေးရွာလူထု အားလုံး | ၂၅ | ၁၁ | ၃၆ | စီးပွားရေးပိုမိုကောင်းမွန်လာရန်၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ဘာသာရေး ပိုမိုကောင်းမွန်လာ၊ ကျေးရွာစည်းလုံးခြင်း ပိုမိုကောင်းမွန်လာ၊ စားဝတ်နေရေးပိုမိုအဆင်ပြေလာ |
| ၉ | ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ<br>(Village Approve Vision) | ၂၀-၁၂<br>၂၀၁၆ | ရွာလူထု အားလုံး | ၂၅ | ၁၁ | ၃၆ | လမ်း(ကတ္တရာ)၊ မီး(လျှပ်စစ်မီး)၊ ခန်းမဆောင်၊ ရေလှောင်ကန်၊ ရေငုတ်/ပိုက်၊ စာသင်ကျောင်း တိုးချဲ့ |
| ၁၀ | ကျေးရွာဦးစားပေး လုပ်ငန်းစဉ်များ<br>(Village Object Vision) | ၂၀-၁၂<br>၂၀၁၆ | ရွာလူထု အားလုံး | ၂၅ | ၁၁ | ၃၆ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ် အဆင့် သတ်မှတ်ခြင်း၊ တိုင်းတာခြင်း၊ ခန့်မှန်းကုန်ကျငွေ တွက်ချက်ခြင်း၊ အကျိုးခံစားခွင့် ရှိသူလူဦးရေ |
| ၁၁ | ကျေးရွာသမိုင်း အကျဉ်းချုပ်<br>(Village History) | ၂၀-၁၂<br>၂၀၁၆ | အမျိုးသမီး/သား၊ လူထုအားလုံး | ၂၅ | ၁၁ | ၃၆ | ကျေးရွာစတင် တည်ထောင်သည့် ခုနှစ်၊ အိမ်ခြေ၊ လူဦးရေ၊ လူမျိုး၊ ဘာသာစသော ကျေးရွာသမိုင်း အချက်အလက် အဆင့်ဆင့်များ ကို ဖော်ထုတ်ခြင်း |